**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်ရာထူးနေရာများအတွက် လျှောက်လွှာပိတ်ရက်နှင့် စာမေးပွဲဖြေဆိုရမည့်နေ့ရက်များ ပြင်ဆင်သတ်မှတ်ခြင်း**

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး၊ ဒု-လက်ထောက်ဦးစီးမှူး၊ စာရင်းကိုင်-၄ နှင့် ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာများအတွက် လျှောက်ထားသူများ အနေဖြင့် လျှောက်လွှာပိတ်ရက်အား (၇-၈-၂၀၂၆) ရက်နေ့အစား (၂၈-၈-၂၀၂၆) ရက်နေ့သို့ ပြင်ဆင်သတ်မှတ်ပါကြောင်းနှင့် ဒုတိယဦးစီးမှူးရာထူးနေရာ လျှောက်ထားသူများအတွက် ရေးဖြေစာမေးပွဲကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ( ၁၃-၈-၂၀၂၆ )ရက်နေ့ (ကြာသပတေးနေ့) နှင့် ( ၁၄ - ၈ -၂၀၂၆ ) ရက်နေ့ (သောကြာနေ့)တို့တွင် ကျင်းပပြုလုပ်သွားမည့်နေ့ရက်များအစား (၃-၉-၂၀၂၆ )ရက်နေ့ (ကြာသပတေးနေ့) နံနက် (၀၉:၃၀) နာရီမှ(၁၁:၃၀) နာရီထိ မြန်မာစာဘာသာရပ်ကို လည်းကောင်း၊ (၁၃:၀၀)နာရီမှ (၁၅:၀၀)နာရီထိ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း ၊ (၄ - ၉ -၂၀၂၆ ) ရက်နေ့ (သောကြာနေ့) နံနက် (၀၉:၃၀) နာရီမှ (၁၁:၃၀ ) နာရီထိ အထွေထွေဗဟုသုတဘာသာရပ်ကိုလည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်းနှင့် စာမေးပွဲဖြေဆို ခွင့်ကတ်ပြားများအား (၃၁ - ၈ -၂၀၂၆) ရက်နေ့မှ ( ၁ - ၉ -၂၀၂၆) ရက်နေ့အထိ ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြသ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)၊ရုံးအမှတ်(၂) နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးရုံးခွဲတို့တွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းကို (၁၇ - ၉ -၂၀၂၆) ရက်နေ့တွင် နေပြည်တော်၌ ပြုလုပ်သွားမည်ဖြစ်ပါသည်။ ဒု-လက်ထောက်ဦးစီးမှူးနှင့်လစာနှုန်းတူရာထူးနေရာများအတွက် လျှောက်ထားသူများသည် (၁၇-၉-၂၀၂၆) ရက်နေ့တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းများ ခံယူရမည်ဖြစ်ပါသည်။